# **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)**

( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်     ။ )

၁၃၈၀ ပြည့်နှစ်၊                    လ            ရက်

( ၂၀၁၈ ခုနှစ်၊                    လ          ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း (၁)**

## **အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ၊ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ ကို ဆိုသည်။

(ခ ) **အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဂ ) **ကမ္ဘာ့အမွေအနှစ်**ဆိုသည်မှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာပြီး ကမ္ဘာ့ယဉ်ကျေးမှု နှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်း(၁၉၇၂-ခုနှစ်) အရ စာရင်းသွင်း သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဃ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ သို့မဟုတ် ကြားခံဒေသကို ဆိုသည်။

(င ) **ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ** ဆိုသည်မှာ ရှေးဟောင်းအထိမ်း အမှတ်အဆောက်အအုံများဖြစ်စေ၊ ရှေးဟောင်းနေရာများဖြစ်စေ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဒေသကို ဆိုသည်။

(စ ) **ကြားခံဒေသ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသကို ထိခိုက်ပျက်စီးမှုမရှိစေရန်အတွက် ဤဥပဒေအရ သတ်မှတ်သောဒေသကို ဆိုသည်။

(ဆ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ဦးစီးဌာနက ရှေးဟောင်းနေရာ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ နှင့်အထက်က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့် နေရာ၊ သဘာဝအရ ဖြစ်ပေါ်နေသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်လက်နက်များတွေ့ရှိရာ နေရာ၊ ရှေးခေတ် လူတို့ အခြေချနေထိုင်ခဲ့သောနေရာ သို့မဟုတ် နားခိုရာနေရာကို ဆိုသည်။

(ဇ ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ** ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင် ဖြစ်စေ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝ ပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် အောက်ပါအဆောက်အအုံနေရာများကိုဆိုသည်-

(၁) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျ ပျက်စီးသွားပြီး ဖြစ်သည့် အပျက်အစီးများ၊

(၂) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေ အဆောက် အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများနေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(၃) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြား ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများအပါအဝင် ဘူမိသဘာဝ ပတ်ဝန်းကျင်နေရာများ၊

(၄) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့် နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တု ကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(၅) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်၊ ဆည်မြောင်းနှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သော နေရာ၊ သင်္ဂြိုဟ်သော အဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(၆) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ၊

(၇) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မားး၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများ၊

(၈) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများ။

(ဈ) **ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံပရဝဏ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ နယ်နိမိတ်ကိုဆိုသည်။

(ည) **မြို့ပြ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့မြေအဖြစ်သတ်မှတ်ထားသည့် နယ်မြေကိုဆိုသည်။

(ဋ) **ကျေးရွာ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထဲရေးဝန်ကြီးဌာန က ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရွာမြေအဖြစ် သတ်မှတ်ထား သည့် နယ်မြေကိုဆိုသည်။

(ဌ) **ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်း**ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်တွင် ဒြပ်ရှိ ဒြပ်မဲ့လူမှုဓလေ့များပေါင်းစပ်ဖွဲ့စည်းဖြစ်တည်လျက်ရှိသည့်နယ်မြေနှင့်ယင်းတို့၏ ဖြစ်တည်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်မှတ်သားနိုင်သည့် ရှုမြင်ကွင်းကို ဆိုသည်။

(ဍ) **အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရဖွဲ့စည်းသော အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဎ) **ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသမှလွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုချင်းအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်း နှင့်စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရဖွဲ့စည်းသော ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီကိုဆိုသည်။

(ဏ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကိုဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင် အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင် သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ၊ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

## အခန်း (၃)

## ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ကမ္ဘာ့အမွေအနှစ် ဒေသကိုလည်းကောင်း၊ အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်းကောင်း ကာကွယ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီကို ဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီး — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၉) ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၁၀) ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကိုစိတ်ဝင်စားသည့်ဒေသခံနှစ်ဦး — အဖွဲ့ဝင်

(၁၁) သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ — အတွင်းရေးမှူး

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှ လွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့်ဌာနဆိုင်ရာ အရာရှိတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ | အတွင်းရေးမှူး |

(ခ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစားတစ်ခုခုကို ဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ၊

(ခ) ကြားခံဒေသ။

၇။ ဝန်ကြီးဌာနသည်လိုအပ်လျှင်ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရ ဌာနသို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါကအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ခြင်း၊

(ခ ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပုဂ္ဂလိကအဖွဲ့အစည်း နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

## အခန်း (၅)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ် ထိန်းသိမ်းခြင်း

၈။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမပြုရန်တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၉။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအလိုက် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာ ရမည့် စည်းကမ်းချက်များနှင့်သတ်မှတ်ချက်များကို ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ် နိုင်သည်။

၁၀။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌အောက်ပါကိစ္စရပ်များကိုဆောင်ရွက်ရန်လိုအပ်ပါကဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ပရဝဏ်ကို သတ်မှတ်ခြင်း၊

(ခ ) ပုဒ်မခွဲ(က)အရ သတ်မှတ်သည့်ပရဝဏ်အတွင်း ဆောင်ရွက်သည့်ကိစ္စရပ်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံအား ဂေါပက သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

# အခန်း (၆)

## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၂။ ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား၍ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများနှင့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ဦးစားပေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းနေရာနှင့် ရှေးဟောင်းအထိမ်း အမှတ်အဆောက်အအုံများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အသိပညာပေးရေး လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့ကအခါအားလျော်စွာ သတ်မှတ်သော ယဉ်ကျေးမှုအမွေအနှစ်ကာကွယ် ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ နှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ များ၏ တင်ပြချက်များကိုလိုအပ်သလို ဆက်လက်ဆောင်ရွက်ခြင်း။

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်မှုတွင် ထိခိုက်အောင် ဆောင်ရွက်သူက ပေးလျော် စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေ ထည့်ဝင်စေရန်၊ အကျိုးအမြတ်၏တစ်စိတ်တစ်ပိုင်းအား ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း၊

(ည) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ငွေစာရင်းတွင် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ်ကို တည်ထောင် ထားရှိခြင်း။

## အခန်း(၇)
## စီမံခန့်ခွဲမှုကော်မတီများ၏ လုပ်ငန်းတာဝန်များ

၁၃။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ကမ္ဘာ့အမွေအနှစ်နှင့်အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)က သတ်မှတ်ထားသည့် မူဝါဒစည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ ) ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေ အနှစ်ဒေသအတွင်းရှိ မြို့ပြ၊ ကျေးရွာများတွင် အောက်ပါကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း-

(၁) အဆောက်အအုံကိုတည်ဆောက်ခြင်း၊တိုးချဲ့ဆောက်လုပ်ခြင်း၊ပြင်ဆင်ခြင်း၊ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(၂) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခို ရိပ်သာ၊ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၃) ဒေသခံများကဆောင်ရွက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်း၊

(၄) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၅) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) စီမံခန့်ခွဲမှုအရမဖြစ်မနေ လိုအပ်သောအဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်း၊

၁၄။ ဒေသဆိုင်ရာယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ (UNESCO)က သတ်မှတ်ထားသည့် မူဝါဒစည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ဒေသခံများ၏ အနာဂတ်မြို့ပြကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်လိုသည့် အောက်ပါကိစ္စများကို စိစစ်ခွင့်ပြုခြင်း-

(၁) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ယင်းဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) လမ်းဖောက်လုပ်ခြင်း၊တံတား၊ ဆည်မြောင်း၊ တာတမံ ဆောက်လုပ်ခြင်း၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(၃) စီမံခန့်ခွဲမှုအရမဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(၄) အခြားလိုအပ်သောလုပ်ငန်းများဆောင်ရွက်ခြင်း။

၁၅။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင်ခွင့်ပြုချက်လျှောက်ထားလာမှုများကို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရမည့်အပြင် အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက်(HeritageImpactAssessment) ဖြင့်လည်း သုံးသပ်စိစစ်ရမည်။

၁၆။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင်ခွင့်ပြုချက်ပေးထားသည့်ကိစ္စရပ်များကိုခွင့်ပြုစဉ်က သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိလျှင် ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၈)

## ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၇။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကိုဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာ အတွင်းတွင်-

(၁) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံ ကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကိုကာရံခြင်း၊ ပြင်ဆင် ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(၃) ယဉ်ကျေးမှုအမွေအနှစ်များကိုမထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံ ခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(၄) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘော တံတားများ ပြင်ဆင်ခြင်း၊

(၅) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူ ရေးခြံများ၊ နှစ်ရှည်ပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၆) လက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံများအသစ်တည်ဆောက်ခြင်း၊တိုးချဲ့ပြုပြင် ခြင်း၊

(၇) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်း ဆိုင်များ၊ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(၈) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင် ခြင်း၊

(၉) မူလရှိပြီးဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(၁၀) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိကြားခံဒေသတွင် -

(၁) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဘောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း၊ သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(၂) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများတည်ဆောက်စိုက်ထူခြင်း၊

(၃) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်းပျံသန်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊

(၄) ဇာတ်ရုံကဲ့သို့သောဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ နားနေစခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၁၈။ (က) ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ -

(၁) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်၊

(၂) ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ၁၅ ရက်အတွင်း စိစစ်ဆောင်ရွက်ရမည်။

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ(က)(၁)အရ စိစစ်ပြီးကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်။

(ဂ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ(က)(၂)အရစိစစ်၍ လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်နှင့်တင်ပြရမည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကိုစိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး-

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားသူအားကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန်မသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၀။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ လျှောက်ထားရမည်-

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကို ဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်းသို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၃) ပြတိုက်များတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(၄) စီမံခန့်ခွဲမှုအရမဖြစ်မနေလိုအပ်သောအဆောက်အအုံ၊လူအများသုံး အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်း။

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီတို့၏သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၂၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို ဦးစီးဌာနအား စိစစ်စေခြင်း၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံ သဘောထားပြန်ကြားခြင်းများ ပြုလုပ်ရမည်။

၂၂။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထားပြန်ကြားချက်အရ-

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားသူအားကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန်မသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၃။ ဝန်ကြီးဌာနသည်-

(က) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများနှင့် ဝန်ကြီးဌာနတို့၏သဘောထားကွဲလွဲလျှင် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာကော်မတီတို့မှကိုယ်စားလှယ်များပါဝင်သောအစည်းအဝေးခေါ်ယူကျင်းပ၍ ညှိနှိုင်းဆွေးနွေးပြီးဆုံးဖြတ်ရမည်။

(ခ) လိုအပ်ပါကညှိနှိုင်းဆွေးနွေးချက်ကို အစည်းအဝေးမှတ်တမ်းနှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုဆုံးဖြတ်ချက်ရယူရမည်။

၂၄။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင် မည်သည့်အကြောင်းကြောင့်ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြား ရမည်။

၂၅။ ဝန်ကြီးဌာနက သဘောထားပြန်ကြားရာတွင်လည်းကောင်း၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီနှင့်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၂တို့အရ ကြိုတင် ခွင့်ပြုချက်ပေးရန်စိစစ်ရာတွင်လည်းကောင်း အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ရမည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေ အနှစ် စံနှုန်းသတ်မှတ်ချက်များ၊ စီမံခန့်ခွဲရေးအစီအစဉ်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းနှင့်ဂေဟစနစ်ကိုထိခိုက် ပျက်ယွင်းစေနိုင်ခြင်း ရှိ မရှိ၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဃ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုအဟန့်အတား၊ အနှောင့်အယှက် ဖြစ်နိုင်ခြင်း ရှိ မရှိ၊

(င) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်း ခြင်း ရှိ မရှိ၊

(စ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေနိုင် ခြင်း ရှိ မရှိ၊

(ဆ) မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်များ၏လုံခြုံမှုကိုထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဈ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိ၊

(ည) ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်ပါ သတ်မှတ် ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ။

၂၆။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)ပါကြိုတင်ခွင့်ပြုချက် လျှောက်ထားသောကိစ္စများအားလုံးနှင့် ပတ်သက်၍ အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက်(Heritage Impact Assessmet) ဆောင်ရွက် ရန်နှင့် ခွင့်ပြုပြီးကိစ္စများကို လိုက်နာမှု ရှိ မရှိ သက်ဆိုင်ရာဦးစီးဌာနက စောင့်ကြည့်၍ ပြန်လည် တင်ပြရန် ညွှန်ကြားရမည်။ လိုက်နာမှုမရှိပါက ခွင့်ပြုမိန့်ကို ပယ်ဖျက်နိုင်သည်။

## အခန်း (၉)

## တားမြစ်ချက်များ

၂၇။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသရှိ မြို့ပြနှင့်ကျေးရွာအတွင်း အောက်ပါကိစ္စရပ်များကို အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ ဆောက်လုပ်ခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှတစ်ပါး အခြားအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကိုကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကိုမထိခိုက်သည့် သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(ဃ) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဘော တံတားများ ပြင်ဆင်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူ ရေးခြံများ၊ နှစ်ရှည်ပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင် မွမ်းမံခြင်း၊

(စ) လက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံများအသစ်တည်ဆောက်ခြင်း၊တိုးချဲ့ပြုပြင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည်ဆောက် ခြင်း၊ တိုးချဲ့ ပြုပြင်ခြင်း၊

(ဇ) ပြခန်းလုပ်ငန်းဆိုင်ရာအဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ ပြုပြင်ခြင်း၊

(ဈ) မူလရှိပြီးဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ည) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း၊

၂၈။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကြားခံဒေသအတွင်းတွင် အောက်ပါကိစ္စရပ်များကို အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဘောတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း၊ သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ခ ) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက် ဓာတ်အား ကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများတည်ဆောက်စိုက်ထူခြင်း၊

(ဂ ) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်း ပျံသန်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) ဓာတ်ရုံကဲ့သို့သောဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ နားနေစခန်း များ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။

၂၉။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်းသို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(ခ ) ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဂ ) ပြတိုက်များတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(ဃ) စီမံခန့်ခွဲမှုအရမဖြစ်မနေလိုအပ်သောအဆောက်အအုံ၊ လူအများသုံး အခြေခံ အဆောက်အအုံများဆောက်လုပ်ခြင်း။

၃၀။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြု ချက်မရရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုမပြုလုပ်ရ-

(က) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ သို့မဟုတ် စက်မှု လုပ်ငန်းအဆောက်အအုံကိုပြင်ဆင်ခြင်း၊

(ခ ) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင် နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(ဂ ) မူလမြေမျက်နှာသွင်ပြင်ကိုပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက် ခြင်း-

(၁) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက် များစုပုံ စွန့်ပစ် ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့ တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို၊ ချိုင့်များမြေဖို့ခြင်း။

(ဃ) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်း မဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများနှင့် ပရဝဏ်များအတွင်း တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊

(စ) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာ ကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်း အမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကို ဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တု ရှာဖွေရန် တူးဖော်ခြင်း။

၃၂။ မည်သူမျှ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်အတွင်း ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ် လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၈။ မည်သူမဆိုဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့်အဆောက်အအုံကိုဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလ ပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း။

၃၉။ မည်သူမဆို ပုဒ်မ ၃၈ အရ ချမှတ်သည့်အမိန့်ကို ရက်ပေါင်း ၃၀ အတွင်း လိုက်နာ ဆောင်ရွက်ရမည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါကအမိန့်ချမှတ်ပြီး ရက်ပေါင်း ၃၀ ကျော် သည့်နေ့မှစ၍ တစ်နေ့လျှင် ငွေဒဏ် အနည်းဆုံး ကျပ် တစ်သိန်း ချမှတ်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၀။ နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် စပ်လျဉ်း၍-

(က) ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အမျိုးသား အဆင့်သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

(ခ) ပုဒ်မခွဲ(က) ပါ ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှတစ်ပါး အခြားယဉ်ကျေးမှုအမွေ အနှစ် ဒေသများတွင် အစိုးရအဖွဲ့ ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် များကိုလည်းနိုင်ငံတကာလုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီပြောင်းရွှေ့ အစားထိုး ထိန်းသိမ်း၍ ဆောင်ရွက်နိုင်သည်။

၄၁။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အခကြေးငွေ ကောက်ခံခြင်း၊ ဝင်ကြေး သတ်မှတ် ကောက်ခံခြင်းများကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ပေးရမည်။

(ခ ) စီမံခန့်ခွဲရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် ဒဏ်ကြေးငွေများကို တစ်ကြိမ်တည်းသော်လည်းကောင်း၊ နှစ်စဉ်သော်လည်းကောင်း သတ်မှတ်ပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင်ခွင့်ပြုချက်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီးစည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက် ရေးထိုးစေခြင်း၊

(ခ ) ဒဏ်ကြေးငွေ ပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာ ဆောင်ရွက်စေခြင်း။

၄၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အသုံးစရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

၄၄။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးအတွက် သင့်လျော်သောရန်ပုံငွေတစ်ရပ်ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထူထောင်ထားရှိနိုင် သည်။

၄၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့်ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို မထိခိုက်စေဘဲ ညှိနှိုင်းသတ်မှတ်ပေးရမည်။

၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ ) ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၉။ ယာဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ သတ်မှတ်ထားသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာဇုန်တို့ကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသဟုလည်းကောင်း ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ကြားခံဒေသဟုလည်းကောင်း မှတ်ယူရမည်။

၅၀။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၉/၁၉၉၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)

## ရည်ရွယ်ချက်များ

၁။ ရှေးနှစ်ပေါင်းများစွာကတည်းကရှိခဲ့သောယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာတည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို မြင့်တင်အကောင်အထည်ဖော်ရန်၊

၂။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့် ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့် ဖြစ်စေ၊ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများအမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

၄။ အများပြည်သူတို့၏အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

၅။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှု မခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

၆။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကလက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

၇။ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍

## ပြင်ဆင်ရသည့် အကျိုးအကြောင်းဖော်ပြချက်ဇယား

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | - | ၂။(ခ)**အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)က ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက်ဖြစ်စေ၊ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမျိုးသား အဆင့်ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်သည့် ဒေသတစ်ခုချင်းအတွက်ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီကိုဆိုသည်။ | ၂။(ဥ)**အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ**ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေ အနှစ်ဒေသတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရဖွဲ့စည်းသောအမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။ | ပုဒ်မ၂(ခ)တွင်"အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ"ဆိုသည့် စကားရပ်ကို လည်းကောင်း၊ ပုဒ်မ၂(ဏ)တွင်"ဒေသဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ" ဆိုသည့် စကားရပ်ကိုလည်းကောင်းအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ "အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီ"ကို "အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီ" ကို "ဒေသဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ"ကို" ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ" ဟုလည်းကောင်း ဖော်ပြ၍ အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါသည်။ ယင်းသို့ စကားရပ်များကို ပြင်ဆင်၍ အဓိပ္ပာယ် ဖွင့်ဆိုပါက ဥပဒေ(မူကြမ်း)ပါ ယင်းစကားရပ်များ၏ နေရာတွင်ပြင်ဆင်ဖွင့်သည့် စကားရပ်အတိုင်း ပြင်ဆင်ဖော်ပြရန် ဖြစ်ပါသည်။ | အကြံပြုချက်အတိုင်း ပုဒ်မ ၂(ည) တွင် အဆောက်အအုံ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ကိုက်ညီမှုရှိစေရန် ပယ်ဖျက်ပြီးဖြစ်ပါသည်။<br><br>အကြံပြုချက်အတိုင်းပုဒ်မ၂(ဥ)နှင့် ပုဒ်မ ၂(ဎ)တို့တွင် ပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသည်။ | |
| | - | ၂။(ဏ)**ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီ**ဆိုသည်မှာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကယဉ်ကျေးမှုအမွေအနှစ်ဒေသ တစ်ခုချင်းအတွက် ဤ | ၂။(ဎ)**ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသမှလွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအတွက်ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း | | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | <br><br><br>-<br>- | ဥပဒေအရ ဖွဲ့စည်းသော ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီကိုဆိုသည်။<br>၄။ အစိုးရအဖွဲ့သည်-<br>(က) ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသကိုလည်းကောင်း၊ အမျိုးသားအဆင့် ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်းကောင်း ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ ပညာရှင်များနှင့် အခြားသင့်လျော်သူများ၊ ဒေသခံများပါဝင်သော အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီကိုအနည်းဆုံး၄ဦး မှအများဆုံး ၁၅ ဦးထိ ဖွဲ့စည်း | ခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ဤဥပဒေအရဖွဲ့စည်းသောဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။<br>၄။ အစိုးရအဖွဲ့သည်-<br>(က)ကမ္ဘာ့အမွေအနှစ်ဒေသကိုလည်းကောင်း၊ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်းကောင်းကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သောအမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်းရမည်- | "အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်"ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ (UNESCO)က ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ**အတွက်ဖြစ်စေ**၊အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်သည့် ဒေသတစ်ခုချင်း**အတွက်ဖြစ်စေ**ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ကော်မတီကိုဆိုသည်။"ဟု ဖော်ပြထားသော်လည်း ပုဒ်မ၄(က)တွင် အစိုးရအဖွဲ့သည် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသကို**လည်းကောင်း**၊ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ**ကိုလည်းကောင်း** ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း | <br><br><br><br>အကြံပြုချက်အတိုင်းပုဒ်မ၄(က)တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | ရမည်။ | | ပြုရန်.......အမျိုးသားအဆင့်ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှု ကော်မတီကို..... ဖွဲ့စည်းရမည်ဟု ဖော်ပြထားသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ ပြဋ္ဌာန်းချက်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့သည်ပြဋ္ဌာန်းချက် ကိုက်ညီအောင်စိစစ်ဖော်ပြသင့်ပါသည်။ | | |
| ၂။ | ၃။(ဂ) | ၃။(ဂ)ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မား စေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက် စေရန်၊ | ၃။(ဂ)ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိ ဂုဏ်မြင့်မားစေရန်နှင့် ပြည်ထောင် စုစိတ်ဓာတ်ရှင်သန်ထက်မြက် စေရန်၊ | ပုဒ်မ၃(ဂ)တွင် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်စေရန်ဆိုသည့်စကားရပ် အစား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ထက်မြက်စေရန်ဟု ပြင်ဆင်သွားရန်။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့်တရားဥပဒေစိုးမိုးရေးကော်မ တီ၏အကြံပြုချက်အတိုင်း ပုဒ်မ ၃(ဂ)တွင် ပြင်ဆင်ဖော်ပြပြီးဖြစ် ပါသည်။ | |
| ၃။ | - | ၄။(ခ)ပုဒ်မခွဲ(က)အရဖွဲ့စည်းသည့် အမျိုးသား အဆင့်ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု ကော်မတီတွင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို လည်းကောင်း၊ သက်ဆိုင်ရာရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး ဌာနတာဝန်ခံကို အတွင်းရေးမှူးအဖြစ် လည်းကောင်းပါဝင်စေလျက်ဖွဲ့စည်းရမည်။ | ၄။(က)(၁)သက်ဆိုင်ရာတိုင်း ဥက္ကဋ္ဌ ဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ကတာဝန်ပေးအပ် သောဝန်ကြီး<br>(၂) ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး | ပုဒ်မ ၄(က)တွင် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရာ၌ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဆိုရာတွင်မည်သည့်ဌာနမှ ကိုယ်စားလှယ် များကိုဆိုလိုကြောင်းနှင့် အခြားသင့်လျော် သူများနှင့် ဒေသခံများဟုဆိုရာတွင် မည်သည့်အရည်အချင်းသတ်မှတ်ချက်ရှိ သူများကိုဆိုလိုကြောင်း ရှင်းလင်းစွာ | အကြံပြုချက်အတိုင်း ပုဒ်မ ၄ နှင့် ပုဒ်မ ၅တို့တွင် ပြင်ဆင်ဖြည့်စွက် ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ဦးစီးဌာန<br><br>(၃)ဒုတိယညွှန်ကြားရေးမှူး၊ အဖွဲ့ဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်း အင်းဦးစီးဌာန<br>(၄)တိုင်းဒေသကြီး အဖွဲ့ဝင် သို့မဟုတ်ပြည်နယ်ဦးစီးမှူး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာန<br>(၅)ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဟိုတယ်နှင့်ခရီး သွားလာရေးညွှန်ကြားမှု ဦးစီးဌာန<br>(၆)ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စည်ပင် သာယာရေးအဖွဲ့<br>(၇)တိုင်းဒေသကြီး အဖွဲ့ဝင် | ဖော်ပြရန်နှင့် ပုဒ်မခွဲ(ဃ)အရ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များကို ချီးမြှင့်ငွေနှင့်စရိတ်များ သတ်မှတ်ပေးရမည်ဖြစ်၍ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ဦးရေနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ၏ ဦးရေကို တိကျစွာခွဲခြားဖော်ပြသင့်ပါသည်။ထို့ပြင် အမျိုးသားအဆင့် ယဉ်ကျေးမှု စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌကို မည်ကဲ့သို့ရွေးချယ်မည်ဖြစ်ကြောင်းတို့ကိုလည်း ပြန်လည်စိစစ်သင့်ပါသည်။ အလားတူ ပုဒ်မ၅ကိုလည်း ပြန်လည်စိစစ်သင့်ပါသည်။ | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | သို့မဟုတ်ပြည်နယ် ဦးစီးမှူးပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန<br>(၈)ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရေအရင်းအမြစ် နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန<br>(၉)ယဉ်ကျေးမှုအမွေ အဖွဲ့ဝင် အနှစ်ကာကွယ်ထိန်းသိမ်း ခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတစ်ဦး<br>(၁၀)ယဉ်ကျေးမှုအမွေ အဖွဲ့ဝင် အနှစ်ကာကွယ် ထိန်းသိမ်းရေးလုပ်ငန်း ကိုစိတ်ဝင်စားသည့် ဒေသခံနှစ်ဦး<br>(၁၁)သက်ဆိုင်ရာ အတွင်းရေးမှူး ရှေးဟောင်းသုတေ သနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာနခွဲ | | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကြိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | တာဝန်ခံ | | | |
| | - | ၄။(ဂ)ကော်မတီကို ပုဒ်မခွဲ(က)နှင့်အညီ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | ၄။(ခ)အမျိုးသားအဆင့် စီမံခန့်ခွဲမှု ကော်မတီကိုလိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။ | | | |
| | - | ၄။(ဃ)ကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ ဝန်ထမ်း မဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။ | ၄။(ဂ)အမျိုးသားအဆင့် စီမံခန့်ခွဲမှု ကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ ၏ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။ | | | |
| | - | ၅။သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည်-<br>(က)သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးသို့မဟုတ်နေပြည်တော် ကောင်စီဝင် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့မှ သင့်လျော်သူ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့ | ၅။သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့မဟုတ်နေပြည်တော် ကောင်စီ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရတိုင်းသို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ် ခွင့် ရဒေသဦးစီးအဖွဲ့သည်-<br>(က)ကမ္ဘာ့အမွေအနှစ်ဒေသနှင့်အမျိုးသား အဆင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများမှလွဲ၍ ကျန်ယဉ်ကျေးမှု အမွေအနှစ်ဒေသများကိုကာကွယ် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုရန်အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သောဒေသဆိုင်ရာစီမံခန့်ခွဲ | | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | - | အစည်းမှ ကိုယ်စားလှယ်များ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ဒေသခံ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူ များကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တာဝန်ခံကို အတွင်းရေးမှူးအဖြစ်လည်းကောင်းပါဝင် သောဒေသဆိုင်ရာယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီကိုအနည်းဆုံး ငါးဦး မှ အများဆုံး ၁၃ ဦး ဖြင့် ဖွဲ့စည်းရမည်။<br>၅။(က) (၃)ဦးစီးမှူး၊ အဖွဲ့ဝင် မြို့နယ်မြေစာရင်း ဦးစီးဌာန | မှုကော်မတီကိုဖွဲ့စည်းရမည်-<br>(၁)ခရိုင်သို့မဟုတ် ဥက္ကဋ္ဌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှတာဝန် ပေးအပ်သည့်ဌာနဆိုင်ရာ အရာရှိတစ်ဦး<br>(၂)မြို့နယ်စည်ပင် အဖွဲ့ဝင် သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး<br>(၃)ဦးစီးမှူး၊ အဖွဲ့ဝင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>(၄)ဦးစီးမှူး၊ အဖွဲ့ဝင် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာန<br>(၅)သက်ဆိုင်ရာ တွင်းရေးမှူး ရှေးဟောင်းသုတေ သနနှင့်အမျိုးသား | | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့်တရားဥပဒေစိုးမိုးရေး ကော်မတီ၏အကြံပြုချက်အတိုင်း ပုဒ်မ၅(က)(၃)တွင် ပြင်ဆင် ဖော်ပြ ပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ | | | |
| | - | (ခ)ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီကို ပုဒ်မခွဲ(က)နှင့် အညီလိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | (ခ)ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | | | |
| | - | (ဂ)ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များကိုသတ်မှတ်ရမည်။ | | | အကြံပြုချက်အတိုင်း ဥပဒေ(မူကြမ်း)ပါ ပုဒ်မ၅(ဂ)ပါစကားရပ်အား ပယ်ဖျက်ထားပါသည်။ | |
| ၄။ | ၄။ | ၆။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစား တစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-<br><br>၄၈။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးအတွက် သင့်လျော်သောရန်ပုံငွေတစ်ရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထူထောင် | ၆။ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ် ဖော်ပြ၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်-<br><br>၄၄။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးအတွက် သင့်လျော်သော ရန်ပုံငွေတစ်ရပ်ကို အစိုးရအဖွဲ့၏ | ပုဒ်မ ၆တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည့်စကားရပ်ကို ပုဒ်မ၂(တ)တွင် "အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်"ဟုအဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်၍ "အစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့်တူညီစွာသုံးနှုန်းသင့်ပါသည်။ အလားတူ ပုဒ်မ ၄၈ နှင့် ၅၂(က)တို့ပါ "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့်စကားရပ်ကိုလည်း "အစိုးရအဖွဲ့"ဟု ပြင်ဆင်ဖော်ပြသင့်ပါသည်။ | အကြံပြုချက်အတိုင်း ပုဒ်မ ၆၊ ပုဒ်မ ၄၄ နှင့်ပုဒ်မ ၄၈(က)တို့တွင် ပြင်ဆင်ဖော်ပြထားပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | ၃၀။(က) | ထားရှိနိုင်သည်။<br><br>၅၂။(က)ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ | သဘောတူညီချက်ဖြင့် ထူထောင်ထားရှိနိုင်သည်။<br>၄၈။(က)ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | | | |
| ၅။ | ၅။ | ၇။ ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-<br>(က)အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရ ဌာနသို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊<br><br>(ဂ ) မြို့ပြသို့မဟုတ်ကျေးရွာများ အကျုံးဝင်လျက်ရှိသောမြေဖြစ်လျှင် ယင်းမြို့ပြသို့မဟုတ်ကျေးရွာနေပြည်သူလူထုအား | ၇။ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-<br>(က)အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာနသို့မဟုတ်အစိုးရအဖွဲ့အစည်းနှင့် ကြိုတင် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါကအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ခြင်း၊ | ပုဒ်မ၇ ခြေဆင်းတွင် "ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာနှင့် ကြားခံဒေသအတွင်းတွင်မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်"ဟု ဖော်ပြထားရာ"နိုင်သည်"ဟူသော စကားရပ်အရမဖြစ်မနေ ဆောင်ရွက်ရန်မလိုသည့် အဓိပ္ပာယ် သက်ရောက်နေခြင်းကို ပြန်လည်စိစစ်သင့်ပါသည်။ ပုဒ်မ ၇ (က) နှင့်(ဂ)ပါဖော်ပြချက်များနှင့်စပ်လျဉ်း၍ "မြေယာစီမံခန့်ခွဲရေး" ကိစ္စဖြစ်သဖြင့် ကျယ်ပြန့်သည့်အလျောက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် သင့် မသင့် စဉ်းစားသင့်ပါသည်။ | အကြံပြုချက်အတိုင်း ပုဒ်မ ၇ ခြေဆင်းနှင့်ပုဒ်မ ၇(က)တွင် ပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသည်။<br><br>အကြံပြုချက်အရ ပုဒ်မ၇(ဂ) အားပယ်ဖျက်ထားပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရှင်းလင်းအသိပေး၍ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ခြင်း။ | | | | |
| ၆။ | - | ၈။အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင်ယဉ်ကျေးမှု အမွေအနှစ် အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့်ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ မဟုတ်သော မည်သည့် အဆောက်အအုံမျှဆောက်လုပ်ခြင်းမပြုရန် တားဆီးခြင်း၊ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှား စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။ | ၈။အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည်ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင်ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကိုအဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှဆောက်လုပ်ခြင်းမပြုရန်တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။ | ပုဒ်မ ၈၌ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမဟုတ်သော မည်သည့်အဆောက်အအုံမျှဆောက်လုပ်ခြင်းမပြုရန်တားဆီးခြင်းဆိုသည့်စကားရပ်တွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမဟုတ်သောဟူသည့်စကားရပ်ကို ပယ်ဖျက်ရန်။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီ၏အကြံပြုချက်အတိုင်း ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |
| ၇။ | ၂၂။ | ၃၆။မည်သူမျှဝန်ကြီးဌာန၊သို့မဟုတ်ဦးစီးဌာနက ထုတ်ပြန်သောစည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။ | ၃၂။မည်သူမျှဝန်ကြီးဌာနသို့မဟုတ်ဦးစီးဌာန သို့မဟုတ် အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသို့မဟုတ်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက ထုတ်ပြန်သောစည်းကမ်းချက်၊အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။ | ပုဒ်မ၉နှင့်၁၂(ခ)တွင်ဖော်ပြချက်များအရ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီတို့သည် စည်းကမ်းချက်များ သတ်မှတ်နိုင်ကြောင်း တွေ့ရှိရသဖြင့် ပုဒ်မ၃၆ ပါ ဖော်ပြချက်တွင် အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံ | အကြံပြုချက်အတိုင်းပုဒ်မ၃၂ တွင် ပြင်ဆင်ဖြည့်စွက်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | | ခန့်ခွဲမှုကော်မတီက ထုတ်ပြန်သည့် စည်းကမ်းချက်များကိုလည်းအကျုံး ဝင်အောင်ဖော်ပြရန်စဉ်းစားသင့်ပါသည်။ | | |
| ၈။ | ၁၀။ | ၁၁။ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီများ သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်တွင် ယဉ်ကျေးမှု အမွေအနှစ်များ ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာကိုလည်းကောင်း၊ ၃ ပေ အနက် ထက်ပိုသော တူးဆွခြင်းကို ပြုလုပ်လိုလျှင် လည်းကောင်း ဆောင်ရွက်ခွင့်တောင်းခံလာလျှင် ခိုင်လုံသော အကြောင်းပြချက်နှင့်အတူ စိစစ် ခွင့်ပြုရမည်။ | | ပုဒ်မ ၁၁ တွင် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ သတ်မှတ်နယ်နိမိတ် အတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံ တစ်ရာကိုလည်းကောင်း၊ သုံးပေအနက် ထက်ပိုသောတူးဆွခြင်းကိုပြုလုပ်လိုလျှင် လည်းကောင်း ဆောင်ရွက်ခွင့် တောင်းခံ လာလျှင်ခိုင်လုံသော အကြောင်းပြချက် နှင့်အတူ ကော်မတီက စိစစ်ခွင့်ပြုရမည် ဟုဖော်ပြထားရာ နယ်နိမိတ် သတ်မှတ် ထားပြီးဖြစ်သောယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် နယ်နိမိတ် ထပ်မံ သတ်မှတ်မည့်သဘောသက်ရောက်ခြင်း၊" ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက် စေနိုင်သည့် ဆောင်ရွက်ချက်" ဟူသည့် စကားရပ်သည် ရှင်းလင်းမှု မရှိခြင်း၊ ပြုလုပ်လိုသူက မဖြစ်မနေခွင့် တောင်းခံ ရန် တာဝန်မရှိခြင်းများကို တွေ့ရှိရ | ဥပဒေ(မူကြမ်း)ပါပုဒ်မ ၁၁အား ပယ်ဖျက်ထားပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | သဖြင့် ယင်းဖော်ပြချက်များကို ပြန်လည်စိစစ်သင့်ပါသည်။ ထို့ပြင်ယင်းဖော်ပြချက်သည် ပုဒ်မ ၁၈နှင့် ၁၉ပါ ဖော်ပြချက်တို့နှင့်တူညီမှုရှိ မရှိ ပြန်လည် စိစစ်သင့်ပါသည်။ | | |
| ၉။ | - | ၁၃။(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်း သင့်လျော်သည့်ဝန်ထမ်းဖွဲ့စည်းခွင့် ရယူ၍ ဝန်ထမ်းများ ခန့်ထားခြင်း၊ | | ပုဒ်မ ၁၃(ဂ)တွင် "ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်အတွင်းသင့်လျော်သည့် ဝန်ထမ်းဖွဲ့စည်းခွင့် ရယူ၍ ဝန်ထမ်းများ ခန့်ထားခြင်း"ဟု ဖော်ပြထားရာဝန်ကြီးဌာနအနေဖြင့် မိမိဆောင်ရွက်ရသည့် လုပ်ငန်းတာဝန် အလျောက်ဖွဲ့စည်းပုံကို အစိုးရအဖွဲ့ထံတင်ပြရသဖြင့် ယခုကဲ့သို့ ဥပဒေတစ်ရပ်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ | အကြံပြုချက်အတိုင်း ဥပဒေ (မူကြမ်း)ပါ ပုဒ်မ ၁၃(ဂ)အား ပယ်ဖျက် ထားပါသည်။ | |
| ၁၀။ | ၁၂။(စ) | ၁၃။(ဆ)ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ | ၁၂။(စ)ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေး အတွက် အသိပညာပေးရေး ဆောင်ရွက်ခြင်း၊ | ပုဒ်မ၁၃(ဆ)ပါ "အများပြည်သူအား အသိပေးရေး လုပ်ငန်းဆောင်ရွက်ခြင်း" ဟူသည့် စကားရပ်ကို "အသိပညာပေးရေးဆောင်ရွက်ခြင်း"ဟု ပြင်ဆင် ဖော်ပြ သင့်ပါသည်။ | အကြံပြုချက်အတိုင်းပုဒ်မ၁၂(စ) တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁၁။ | - | ၁၄(ဃ)(၁)ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ယင်း၏ဝင်းခြံ နယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ | ၁၄(ဃ)(၁)ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ယင်းဝင်းခြံ နယ်နိမိတ်ကိုပြင်ဆင်ခြင်း၊ တိုးချဲ့ ခြင်း၊ | ပုဒ်မ၁၄(ဃ)(၁)တွင်ရှေးဟောင်းအထိမ်း အမှတ်အဆောက်အအုံ၏ဆိုသည့် စကားရပ်အစား ရှေးဟောင်းအထိမ်း အမှတ်အဆောက်အအုံ နှင့်ဟု ပြင်ဆင် သွားရန်။ | လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့်တရားဥပဒေစိုးမိုးရေး ကော်မတီ၏အကြံပြုချက်အတိုင်း ပုဒ်မ၅(က)(၃)တွင် ပြင်ဆင် ဖော်ပြ ပြီးဖြစ်ပါသည်။ | |
| ၁၂။ | -<br><br><br><br><br><br>-<br><br><br><br>- | ၁၄။(ဃ)(၅)<br><br><br><br><br><br>၁၅။(ဃ)(၈)<br><br><br><br>၁၈။(က)(၃) | ၁၃။(ဂ)(၆)စီမံခန့်ခွဲမှုအရ မဖြစ်မနေ လိုအပ်သောအဆောက်အအုံ၊ လူအများသုံးအခြေခံ အဆောက် အအုံ များ ဆောက်လုပ်ခြင်း၊<br><br>၁၄။(ဃ)(၃)စီမံခန့်ခွဲမှုအရမဖြစ်မနေ လိုအပ်သောအဆောက်အအုံ၊ လူအများသုံးအခြေခံအဆောက် အအုံများ ဆောက်လုပ်ခြင်း၊<br>၁၇။(က)(၃)ယဉ်ကျေးမှုအမွေအနှစ်များ ကိုမထိခိုက်သည့်သာသနိက အဆောက်အအုံများ၊ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ပြုပြင် မွမ်းမံခြင်း၊အသစ်တည်ဆောက် | ပုဒ်မ၁၄(ဃ)(၅)တွင် "လူအများသုံး အခြေခံ အဆောက်အအုံ "ဟုလည်းကောင်း၊ ပုဒ်မ ၁၅(ဃ)(၈)၊ ပုဒ်မ၁၈(က) (၃)၊ ပုဒ်မ ၁၈ (ခ)(၄)၊ ပုဒ်မ ၂၀(ဃ)နှင့်ပုဒ်မ ၃၅ (ခ) တို့တွင်" အခြေခံအဆောက်အအုံ" ဟု လည်းကောင်း၊ ပုဒ်မ ၁၅(ဃ)(၂)တွင် "စက်မှုလုပ်ငန်းအဆောက်အအုံ"ဟု လည်းကောင်း၊ ပုဒ်မ ၁၈ (က)(၉)တွင် "အသေးစားအလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံ"ကိုလည်းကောင်း မတူ ညီသည့် အဆောက် အအုံအမျိုးအစား စကားရပ်များကို သုံးစွဲ ထားသော်လည်း ပုဒ်မ၂(ည)တွင်"**အဆောက်အအုံ** ဆိုသည် မှာလူနေအိမ်၊ဟိုတယ်၊မိုတယ်၊ဧည့်ဂေဟာ၊ တည်းခိုရိပ်သာသို့မဟုတ်စက်မှုလုပ်ငန်း အဆောက်အအုံမှအပ အခြား အဆောက် | အကြံပြုချက်အတိုင်း အဆောက် အအုံအဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိသဖြင့် အဆောက် အအုံ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ပယ်ဖျက် ထားပါသည်။ | |

| စဉ် | မူလ<br>ဥပဒေ<br>ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ<br>ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး<br>အကြောင်းဖော်ပြချက် | မှတ်<br>ချက် |
|---|---|---|---|---|---|---|
| | | | ခြင်း၊ | အအုံကိုဆိုသည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရာပုဒ်မ၈ပါ "မည်သည့် အဆောက်အအုံမျှ ဆောက်လုပ်ခြင်း မပြုရန်တားဆီးခြင်း"။ ပုဒ်မ၉ပါ "အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့်စည်းကမ်းချက်များ"။ ပုဒ်မ၁၅(ဃ) (၁)ပါ "အဆောက်အအုံကို တည်ဆောက်ခြင်း"။ ပုဒ်မ၁၈ (က)(၁)ပါ "အဆောက်အအုံတည်ဆောက်ခြင်း"။ ပုဒ်မ၁၈(ခ)(၁)ပါ "အဆောက်အအုံနှင့် တံတားများအသစ်တည်ဆောက်ခြင်း"။ ဆိုသည့်ပြဋ္ဌာန်းချက်ပါ ဖော်ပြချက်များသည် အဓိပ္ပာယ် ဖွင့်ဆိုချက်ပါ အဆောက်အအုံ၏ အဓိပ္ပာယ် နှင့်ကိုက်ညီမှုရှိ မရှိ စိစစ်သင့်ပါသည်။ | | |
| | - | ၁၈။(ခ)(၄) | ၁၇။(ခ)(၄)ဇာတ်ရုံကဲ့သို့သောဖျော်ဖြေရေးဆိုင်ရာအဆောက်အအုံများ၊ နားနေစခန်းများ၊မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း။ | | | |
| | - | ၂၀။(ဃ) | ၂၀။(က)(၄)စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သောအဆောက်အအုံ၊ လူအများသုံးအခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း။ | | | |
| | - | ၁၅။(ဃ)(၂) | ၁၃။(ဂ)(၂)မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊တည်းခို ရိပ်သာ၊ သို့မဟုတ်စက်မှုလုပ်ငန်း အဆောက်အအုံကိုပြင်ဆင်ခြင်း၊ | | | |
| | - | ၁၈။(က)(၉) | ၁၇။(က)(၉)မူလရှိပြီးဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ်အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံကိုပြင်ဆင်ခြင်း၊ | | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | - | ၁၅။(ဃ)(၁) | ၁၄။(ဂ)(၁)အဆောက်အအုံကိုတည်ဆောက်ခြင်း၊တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊ | | | |
| | - | ၁၈။(က)(၁) | ၁၇။(က)(၁)အဆောက်အအုံတည်ဆောက်ခြင်းသို့မဟုတ်တိုးချဲ့ ဆောက်လုပ် ခြင်း၊ | | | |
| | - | ၁၈။(ခ)(၁) | ၁၇။(ခ)(၁)လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဘော တံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း၊သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊ | | | |
| ၁၃။ | - | ၁၆။ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုကော်မတီများသည် ကြိုတင် ခွင့်ပြုချက်လျှောက်ထားလာမှုများကို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များ နှင့် စိစစ်ရမည့်အပြင် အမွေအနှစ်ထိခိုက် နိုင်မှု ဆန်းစစ်ချက်(Heritage Impact Assessment) | ၁၅။အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည်ကြိုတင်ခွင့်ပြုချက်လျှောက်ထားလာမှု များကို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရမည့်အပြင် အမွေအနှစ်ထိခိုက်နိုင်မှု ဆန်းစစ် ချက် | (ည) ပုဒ်မ ၁၆ပါ "ပြဋ္ဌာန်းချက်များနှင့်" ဆိုသည့်စကားရပ်ကို"ပြဋ္ဌာန်းချက်များနှင့် အညီ"ဟု ဖော်ပြသင့်ပါသည်။ | အကြံပြုချက်အတိုင်း ပုဒ်မ ၁၅ တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | ဖြင့်လည်း သုံးသပ်စိစစ်ရမည်။ | (HeritageImpactAssessment) ဖြင့်လည်း သုံးသပ်စိစစ်ရမည်။ | | | |
| ၁၄။ | ၁၃။ | ၁၈။အောက်ပါကိစ္စတစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များအပေါ်ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်- | ၁၇။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည်တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကိုလိုက်နာရမည့်အပြင်ယဉ်ကျေးမှုအမွေအနှစ်များအပေါ်ထိခိုက်မှုမရှိကြောင်းကြိုတင်ခွင့်ပြုချက်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရမည်- | ပုဒ်မ၁၈ခြေဆင်းပါ"အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူသည်"ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၀ခြေဆင်းပါ" အောက်ပါလုပ်ငန်းများဆောက်ရွက်လိုပါက"ဆိုသည့်စကားရပ်တို့ကို"အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည်" ဟု ဖော်ပြသင့်ပါသည်။ | အကြံပြုချက်အတိုင်း ပုဒ်မ ၁၈ ခြေဆင်းတွင်ပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသည်။ | |
| | ၁၃။(ဂ) | ၂၀။ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်လိုပါက ယဉ်ကျေးမှုအမွေအနှစ်များအပေါ်ထိခိုက်မှုမရှိကြောင်းကြိုတင်ခွင့်ပြုချက်ရရှိရန်သတ်မှတ်ချက် များနှင့်အညီ သက်ဆိုင်ရာ ကော်မတီများမှသဘောထားမှတ်ချက်ဖြင့်ဦးစီးဌာနသို့လျှောက်ထားရမည်- | ၂၀။(က)ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင်အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကိုဆောင်ရွက်လိုသူသည်ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက် များနှင့်အညီ အမျိုးသားအဆင့် စီမံခန့်ခွဲမှု ကော်မတီ သို့မဟုတ် ဒေသ ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ | | အကြံပြုချက်အတိုင်း ပုဒ်မ ၂၀ (က)တွင် ပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | လျှောက်ထားရမည်- | | | |
| ၁၅။ | - | ၁၈။(က)(၁၁) ရဟတ်ယာဉ်၊လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း၊ ပျံသန်းခွင့် သက်တမ်း တိုးခြင်း။ | ၁၇။(က)(၁၁)ရဟတ်ယာဉ်၊ လူစီးမီးပုံး ပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း၊ | ပုဒ်မ၁၈၊ ပုဒ်မခွဲ(က) (၁၁)တွင် "ရဟတ် ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြား စက်တပ် စက်မဲ့ယာဉ် ပျံသန်းခြင်း၊ ပျံသန်းခွင့်သက်တမ်းတိုးခြင်း"ဟုဖော်ပြ ထားရာ ပျံသန်းခွင့် သက်တမ်း ထုတ်ပေး ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေ တွင် ဖော်ပြချက် တစ်စုံတစ်ရာ မတွေ့ရှိ ရသဖြင့် "ပျံသန်းခွင့်သက်တမ်းတိုးခြင်း" ကို ဖော်ပြရန်လို မလို စိစစ် သင့်ပါသည်။ | အကြံပြုချက်အတိုင်းပုဒ်မ ၁၇ (က)(၁၁)တွင် ပြင်ဆင်ဖော်ပြပြီး ဖြစ်ပါသည်။ | |
| ၁၆။ | - | ၁၉။(က)ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ခွင့်ပြုချက်ထုတ်ပေး ခြင်းတို့အတွက် -<br>(၁)အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေ အနှစ်စီမံခန့်ခွဲမှုကော်မတီ၏ခွင့်ပြု ချက် ရရှိရန်အတွက် သတ်မှတ်ချက် များနှင့်အညီ ရက်ပေါင်း(၃၀)အတွင်း အပြီး စိစစ်ဆုံးဖြတ်ရမည်၊<br>(၂)ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် | ၁၈။(က)ကြိုတင်ခွင့်ပြုချက်လျှောက်ထား ခြင်း၊စိစစ်ခြင်းနှင့်ခွင့်ပြုချက် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ -<br>(၁) အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီသည်သတ်မှတ် ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်၊<br>(၂)ဒေသဆိုင်ရာ စီမံခန့်ခွဲမှု | ပုဒ်မ ၁၉ကို အောက်ပါအတိုင်းဖော်ပြရန် သင့် မသင့်စိစစ် သင့်ပါသည်-<br>"၁၉(က)ကြိုတင်ခွင့်ပြုချက်လျှောက်ထား ခြင်း၊စိစစ်ခြင်း၊ခွင့်ပြုချက်ထုတ် ပေးခြင်းတို့နှင့်စပ်လျဉ်း၍-<br>(၁)အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီသည် သတ်မှတ် ချက်နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆုံးဖြတ် ရမည်။<br>(၂)ဒေသဆိုင်ရာစီမံခန့်ခွဲမှု | အကြံပြုချက်အတိုင်း ပုဒ်မ ၁၈ (က)(၁)၊ (၂)၊ ၁၈(ခ)နှင့် ၁၈(ဂ) တို့တွင် ပြင်ဆင်ဖော်ပြပြီးဖြစ်ပါ သည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | - | စီမံခန့်ခွဲမှုကော်မတီအဆင့်တွင်သတ်မှတ်ချက်နှင့်အညီ (၁၅)ရက်အတွင်း အပြီးစိစစ်ဆောင်ရွက်ရမည်။<br><br>(ခ)ပုဒ်မ၁၈၊ ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ပေးခြင်းသို့မဟုတ်ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်းပြုနိုင်သည်။<br><br>(ဂ) ပုဒ်မ၁၈၊ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကိုသတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။ | ကော်မတီသည်သတ်မှတ်ချက်နှင့်အညီ၁၅ရက်အတွင်း စိစစ်ဆောင်ရွက် ရမည်။<br><br>(ခ)အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ(က)(၁) အရစိစစ်ပြီးကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်းသို့မဟုတ် ခိုင်လုံသောအကြောင်း ပြချက်ဖြင့် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်။<br>(ဂ)ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ သည် ပုဒ်မခွဲ(က)(၂) အရစိစစ်၍လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်နှင့် တင်ပြရမည်။ | ကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ၁၅ ရက်အတွင်းစိစစ်ဆောင် ရွက် ရမည်။<br>(ခ)အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသည်ပုဒ်မခွဲ(က)(၁)အရ စိစစ် ပြီး ကြိုတင် ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခိုင်လုံ သော အကြောင်းပြချက် ဖြင့် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည်။<br>(ဂ)ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ပုဒ်မခွဲ (က)(၂)အရ စိစစ်၍ လိုအပ်ပါက ဝန်ကြီး ဌာနမှတဆင့်အစိုးရအဖွဲ့သို့သဘောထားမှတ်ချက်နှင့်တင်ပြရမည်။ | | |
| ၁၇။ | ၁၃။(ဂ) | ၂၀။ယဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်လိုပါက ယဉ်ကျေးမှုအမွေအနှစ်များအပေါ်ထိခိုက်မှုမရှိကြောင်းကြိုတင်ခွင့်ပြုချက်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကော်မတီများမှ | ၂၀။(က)ယဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင်အောက်ပါလုပ်ငန်းတစ်ရပ်ရပ် ကိုဆောင်ရွက်လိုသူသည်ယဉ်ကျေးမှုအမွေအနှစ်များအပေါ်ထိခိုက်မှုမရှိကြောင်း | ပုဒ်မ၂၀တွင်သက်ဆိုင်ရာကော်မတီများ၏ သဘောထား မှတ်ချက်ဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည် ဖြစ်ကြောင်း ဖော်ပြထားရာ" သက်ဆိုင်ရာကော်မတီ ဆိုရာတွင် အမျိုးသားအဆင့်ကော်မတီ | အကြံပြုချက်အတိုင်း ပုဒ်မ ၂၀ (က)နှင့်ပုဒ်မ ၁၇ တို့တွင် ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | သဘောထားမှတ်ချက်ဖြင့်ဦးစီးဌာနသို့လျှောက်ထားရမည်- | ကြိုတင်ခွင့်ပြုချက်ရရှိရန်သတ်မှတ်ချက်များနှင့်အညီအမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသို့မဟုတ်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ သို့ လျှောက်ထားရမည်-<br>၁၇။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကိုလိုက်နာရမည့်အပြင်ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်းကြိုတင်ခွင့်ပြုချက်ရရှိရန်သတ်မှတ်ချက်များနှင့်အညီအမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ လျှောက်ထားရမည်- | လည်းအကျုံးဝင်နိုင်သဖြင့်ယင်းအမျိုးသားအဆင့်ကော်မတီ၏ သဘောထားဖြင့် ဦးစီးဌာနသို့ လျှောက်ထားစေခြင်းမှာ သင့် မသင့်စိစစ်သင့်ပါသည်။ ယင်းပြဋ္ဌာန်းချက်တွင်"သက်ဆိုင်ရာကော်မတီများ"ဟု ဖော်ပြထားရာ"ကော်မတီများ" ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသဖြင့် ဖော်ပြလိုသည့်ကော်မတီကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းသုံးနှုန်းဖော်ပြသင့်ပါသည်။<br>အလားတူ ပုဒ်မ၁၈ ပါသက်ဆိုင်ရာကော်မတီဆိုသည့်စကားရပ်ကိုလည်း စိစစ်သင့်ပါသည်။ | | |
| ၁၈။ | - | ၂၂။ဝန်ကြီးဌာနသည် ပုဒ်မ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ၂၁တို့အရတင်ပြချက်ကိုစိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီးကြိုတင်ခွင့်ပြုချက်ပေးရန်သင့်မသင့် ကို | ၂၁။ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကိုဦးစီးဌာနအားစိစစ်စေခြင်း၊ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီသို့မဟုတ်ဒေသဆိုင်ရာစီမံခန့်ခွဲ | ပုဒ်မ၂၂ပါ "ရည်ညွှန်းပုဒ်မဖြစ်သည့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)ကို ပုဒ်မ၁၉၊ ပုဒ်မခွဲ(ဂ)" ဟု ပြင်ဆင်ရန် သင့် မသင့် စိစစ် သင့်ပါသည်။ | အကြံပြုချက်အတိုင်းပုဒ်မ ၂၁ တွင် ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများသို့သဘော ထားပြန်ကြားရမည်။ | မှုကော်မတီထံသဘောထားပြန်ကြားခြင်း များ ပြုလုပ်ရမည်။ | | | |
| ၁၉။ | - | ၂၃။အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာယဉ်ကျေး မှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၀ တို့အရ ယဉ်ကျေးမှု အမွေအနှစ်များအပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင် ခွင့်ပြုချက်ရရှိရန်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ဝန်ကြီးဌာန၏သဘောထားပြန်ကြား ချက်အရ- | ၂၂။အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ နှင့်ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများ သည် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က) ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန ၏ သဘောထားပြန်ကြားချက်အရ- | ပုဒ်မ၂၃တွင် ဖော်ပြထားသည့် ရည်ညွှန်း ပုဒ်မ မှန်ကန်မှုရှိ မရှိ စိစစ်သင့်ပါသည်။ | အကြံပြုချက်အတိုင်းပုဒ်မ၂၂တွင် ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |
| ၂၀။ | - | ၂၂။ဝန်ကြီးဌာနသည် ပုဒ်မ၁၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ၂၁တို့အရတင်ပြချက်ကိုစိစစ်၍လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်ပြီးကြိုတင်ခွင့်ပြုချက်ပေးရန်သင့်မသင့် ကို အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများသို့သဘော ထားပြန်ကြားရမည်။ | ၂၁။ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကိုဦးစီးဌာနအား စိစစ်စေခြင်း၊အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီသို့မဟုတ်ဒေသဆိုင်ရာစီမံခန့်ခွဲ မှုကော်မတီထံသဘောထားပြန်ကြားခြင်း များ ပြုလုပ်ရမည်။ | ပုဒ်မ၂၃တွင်ဝန်ကြီးဌာန၏သဘောထား အကြံပြုချက်အရ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း၊ငြင်းပယ်ခြင်းတို့ကိုဖော်ပြ ထားပြီး ပုဒ်မ၂၂တွင် ထိုဖော်ပြချက် မျိုး မပါရှိသဖြင့် ထည့်သွင်းဖော်ပြရန် လို မလို ပြန်လည် စိစစ်သင့်ပါသည်။ | ပုဒ်မ ၂၁ သည် ထိုဖော်ပြချက်မျိုး မလိုအပ်ပါသဖြင့် ယခင်အတိုင်း ပင်ဖော်ပြထားပါသည်။ | |
| ၂၁။ | - | ၂၅။အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာယဉ်ကျေး မှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများသည်ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ) တို့အရ ကြိုတင် | ၂၄။အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ နှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ များသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ | ပုဒ်မ ၂၅ တွင် ကြိုတင်ခွင့်ပြုချက် ငြင်းပယ်ခြင်းအတွက် ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်ကြောင်းဖော်ပြထားရာယင်းသို့ | အကြံပြုချက်အတိုင်းပုဒ်မ ၂၄ တွင် ပြင်ဆင်ဖော်ပြပြီးဖြစ်ပါ သည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | ခွင့်ပြုချက်ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင်-<br>(က)မည်သည့်အကြောင်းကြောင့်ငြင်းပယ်ကြောင်းလျှောက်ထားသူထံအကြောင်းကြား ရမည်။<br>(ခ )ပုဒ်မခွဲ(က)အရအကြောင်းကြားရာတွင် မိမိဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် ဝန်ကြီးဌာနသို့သတ်မှတ်ချက်များနှင့် အညီအယူခံဝင်ရောက်နိုင်ကြောင်း ဖော်ပြရမည်။ | ၂၂၊ပုဒ်မခွဲ(ခ)တို့အရ ကြိုတင်ခွင့်ပြုချက် ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင် မည်သည့်အကြောင်းကြောင့်ငြင်းပယ် ကြောင်း လျှောက်ထားသူထံ အကြောင်း ကြားရမည်။ | ငြင်းပယ်ခြင်းသည် ပုဒ်မ၂၃အရ ဝန်ကြီး ဌာန၏ သဘောထား ပြန်ကြားချက်အရ ငြင်းပယ်ခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်ကြောင်းဖော်ပြချက် ကို ပြန်လည်စဉ်းစား သင့်ပါသည်။ ယင်းသို့ စဉ်းစားရာတွင် ပုဒ်မ ၂၈ နှင့် ၂၉ပါ ကိစ္စရပ်များနှင့် သက်ဆိုင်မှု ရှိ မရှိနှင့် အယူခံခြင်းကိုလည်းတစ်ပါတည်းစဉ်းစား သင့်ပါသည်။ပုဒ်မ၂၅ပါရည်ညွှန်းပုဒ်မ "ပုဒ်မ ၁၉"ကို "ပုဒ်မ၁၉(ခ)"ဟု ဖော်ပြ သင့်ပါသည်။ | | |
| ၂၂။ | ၁၇။ | ၂၆။ဝန်ကြီးဌာနကသဘောထားပြန်ကြားရာတွင် လည်းကောင်း၊အမျိုးသားအဆင့်နှင့်ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စီမံ ခန့်ခွဲမှုကော်မတီများ သည် ကော်မတီများက ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၃တို့အရကြိုတင်ခွင့်ပြုချက်ပေးရန်စိစစ်ရာတွင် လည်းကောင်း အောက်ပါအချက်များကို အခြေခံ ၍ စိစစ်ရမည်- | ၂၅။ဝန်ကြီးဌာနကသဘောထားပြန်ကြား ရာတွင်လည်းကောင်း၊အမျိုးသားအဆင့် စီမံခန့်ခွဲမှု ကော်မတီနှင့်ဒေသဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၂တို့အရ ကြိုတင် ခွင့်ပြုချက် ပေးရန်စိစစ်ရာတွင်လည်းကောင်း အောက်ပါအချက်များကိုအခြေခံ၍စိစစ်ရမည်- | ပုဒ်မ ၂၆ပါ "ကော်မတီများက"ဆိုသည့် စကားရပ်ကို နုတ်ပယ်သင့်ပါသည်။ | အကြံပြုချက်အတိုင်း ပုဒ်မ ၂၅ တွင် ပြင်ဆင်ဖော်ပြထားပြီး ဖြစ်ပါ သည်။ | |
| ၂၃။ | - | ၃၀။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသရှိ မြို့ပြနှင့်ကျေးရွာအတွင်း ပုဒ်မ | ၂၇။ မည်သူမျှယဉ်ကျေးမှုအမွေ အနှစ် များတည်ရှိရာဒေသရှိ မြို့ပြနှင့်ကျေးရွာ | ပုဒ်မ ၃၀ နှင့် ၃၁ တွင် တားမြစ်ချက် အဖြစ် ပုဒ်မ ၁၈(က) နှင့်(ခ)တွင် ဖော်ပြ | အကြံပြုချက်အတိုင်း ပုဒ်မ ၁၈ (က)နှင့်(ခ)တို့တွင်ဖော်ပြပြီးဖြစ်၍ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | ၁၈၊ပုဒ်မခွဲ(က)ပါဖော်ပြထားသည့်ကိစ္စရပ်များကို အမျိုးသားအဆင့် သို့မဟုတ် ဒေသဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှု ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ။ | အတွင်းအောက်ပါကိစ္စရပ်များကိုအမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီသို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-<br>(က)အဆောက်အအုံတည်ဆောက်ခြင်းသို့မဟုတ်တိုးချဲ့ဆောက်လုပ်ခြင်း၊<br>(ခ) ရှေးဟောင်းအထိမ်း အမှတ်အဆောက်အအုံမှတစ်ပါးအခြားအဆောက်အအုံကို ပြင်ဆင်ခြင်းသို့မဟုတ်ယင်း၏ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ် တိုးချဲ့ခြင်း၊<br>(ဂ) ယဉ်ကျေးမှုအမွေအနှစ် များကို မထိခိုက်သည့်သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊အသစ်တည်ဆောက်ခြင်း၊<br>(ဃ)လမ်းများတိုးချဲ့ခြင်း၊ပြင်ဆင် | ထားသည့်ကိစ္စရပ်များကိုဖော်ပြထားပြီး ပုဒ်မ ၃၅ တားမြစ်ချက်တွင်လည်း ပုဒ်မ ၁၈(က)နှင့်(ခ)ပါကိစ္စရပ်များကို ထည့်သွင်း ဖော်ပြထားသဖြင့် ပြစ်မှုများ ထပ်နေခြင်းမရှိစေရန်စိစစ်သင့်ပါသည်။ | ပုဒ်မ ၃၅အား ပယ်ဖျက် ထားပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | ခြင်း၊ ဆိပ်ခံဘော တံတားများ ပြင်ဆင်ခြင်း၊<br>(င )ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင်စိုက်ပျိုးခြင်းများဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင် မွမ်းမံခြင်း၊<br>(စ လက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊<br>(ဆ)စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊အမှတ်တရ ပစ္စည်း အရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများတည်ဆောက်ခြင်း၊ တိုးချဲ့ ပြုပြင်ခြင်း၊<br>(ဇ) ပြခန်းလုပ်ငန်းဆိုင်ရာအဆောက်အအုံ အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊ | | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | (ဈ )မူလရှိပြီးဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ်အဆေးစား၊ အလတ်စား စက်မှုလုပ်ငန်း အဆောက်အအုံ ကို ပြင်ဆင်ခြင်း၊<br>(ည)ရဟတ်ယာဉ်၊လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ် ပျံသန်းခြင်း၊ | | | |
| | ၁၉။ | ၃၁။မည်သူမျှယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကြားခံဒေသအတွင်းတွင် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ပါ ဖော်ပြထားသည့်ကိစ္စရပ်များကို အမျိုးသား အဆင့် သို့မဟုတ် ဒေသဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင် ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ။ | ၂၈။မည်သူမျှယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိကြားခံဒေသအတွင်း တွင်အောက်ပါကိစ္စရပ်များကိုအမျိုးသား အဆင့်စီမံခန့်ခွဲမှုကော်မတီသို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-<br>(က)လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံ ဘော တံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်း များ၊ အဆောက်အအုံနှင့် တံတား များ အသစ်တည်ဆောက်ခြင်း၊ သို့မဟုတ်ယင်းတို့ကို တိုးချဲ့ခြင်း၊ | | | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | (ခ )ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊မြေ အောက်ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊<br>(ဂ )ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်း ပျံသန်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊<br>(ဃ)ဓာတ်ရုံကဲ့သို့သောဖျော်ဖြေရေး ဆိုင်ရာအဆောက်အအုံများ၊ နားနေ စခန်းများ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့်အခြေခံအဆောက် အအုံများတည်ဆောက် ခြင်း။ | | | |
| ၂၄။ | - | ၃၃။မည်သူမျှယဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြု ချက်မရရှိဘဲ အောက်ပါတစ်ခုခု မပြုလုပ်ရ- | ၃၀။မည်သူမျှယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင်ဤဥပဒေအရထုတ်ပေး သည့် ကြိုတင်ခွင့်ပြု ချက်မရရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုမပြုလုပ်ရ- | ပုဒ်မ ၃၃ အား အရေးအသားမှန်ကန် စေရန်အောက်ပါအတိုင်းပြင်ဆင် ရေးသား သင့်ပါသည်-<br>"၃၃။မည်သူမျှယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက် | အကြံပြုချက်အတိုင်းပုဒ်မ ၃၀ တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မရရှိဘဲ အောက်ပါ ပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ- " | | |
| ၂၅။ | - | ၃၃။(ခ)ဒေသအတွင်းကျရောက်သောလယ်မြေ၊ ယာမြေများပေါ်တွင်သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုး ခြင်း၊ | ၃၀။(ခ)လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်ဝန်းကျင် မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ | ပုဒ်မ ၃၃(ခ)အား ခြေဆင်းနှင့်ကိုက်ညီစေရန် "ဒေသအတွင်းကျရောက် သော" ဆိုသည့်စကားရပ်ကိုနုတ်ပယ်သင့်ပါသည်။ | အကြံပြုချက်အတိုင်းပုဒ်မ ၃၀ (ခ) တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |
| ၂၆။ | ၂၂။<br><br><br><br><br><br><br><br><br>၂၃။ | ၃၆။ မည်သူမျှဝန်ကြီးဌာန၊ သို့မဟုတ် ဦးစီးဌာနက ထုတ်ပြန်သောစည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။<br><br><br><br><br><br>၃၇။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်အတွင်း ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ။ | ၃၂။ မည်သူမျှ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကိုလိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။<br><br>၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်အတွင်းထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ။<br>၃၅။မည်သူမဆို ပုဒ်မ ၂၈ သို့မဟုတ် | ပုဒ်မ ၃၆၊ ၃၇တို့တွင် တားမြစ်ချက်သဘောသက်ရောက် သည့် ဖော်ပြချက်များ တွေ့ရှိရသော်လည်း ယင်းတို့နှင့် စပ်လျဉ်း၍ပြစ်မှုပြစ်ဒဏ်တွင်ထည့်သွင်းဖော်ပြရန် လိုအပ်မည် ဖြစ်ပါသည်။ | အကြံပြုချက်အတိုင်းပုဒ်မ ၃၂ နှင့် ၃၃တို့အား ပုဒ်မ၃၅တွင် ဖြည့်စွက်ဖော်ပြပြီးဖြစ်ပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | | ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင်ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်း ဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ် လည်း ချမှတ်နိုင်သည်။ | | | |
| ၂၇။ | - | ၄၁။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင်အနည်းဆုံးကျပ်တစ်ဆယ် သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ် လည်း ချမှတ်နိုင်သည်။<br>၄၂။မည်သူမဆိုပုဒ်မ၃၅ပါပြဋ္ဌာန်းချက်တစ်ရပ်ရ ပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအားအနည်းဆုံး တစ်နှစ်မှ သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ခုနစ် သိန်းမှ အများဆုံး ကျပ် | ၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှအများဆုံးငါးနှစ်အထိထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ် သိန်းမှ အများဆုံးကျပ်သိန်း ၅၀အထိငွေဒဏ်လည်း ချမှတ်နိုင်သည်။ | ပုဒ်မ ၄၁၊ ၄၂ ပါ ပြစ်ဒဏ် သတ်မှတ်ချက်ဖော်ပြရာတွင်"အနည်းဆုံး" ဆိုသည့် စကားရပ်ဖော်ပြထားသဖြင့် "အများဆုံး"ဆိုသည့် စကားရပ်ကို ထည့်သွင်းဖော်ပြရန် လိုအပ်မည်ဖြစ်ပါ သည်။<br><br>ပုဒ်မ ၄၂ တွင်" မည်သူမဆို ပုဒ်မ ၃၅ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း"ဟု ဖော်ပြထားရာ ပုဒ်မ ၃၈ တွင်လည်း ပုဒ်မ၃၅ပါပြဋ္ဌာန်းချက်အားဖောက်ဖျက် | အကြံပြုချက်အတိုင်းပုဒ်မ ၃၇ တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။<br><br>ပုဒ်မ ၃၅သည် ပုဒ်မ ၁၈(က)နှင့် ပုဒ်မ၁၈(ခ)ပါအချက်များနှင့်တူညီ နေပါသဖြင့်ပယ်ဖျက်ထားပါသည်။ | |

| စဉ် | မူလ ဥပဒေ ပုဒ်မ | ယဉ်ကျေးမှုအမွေအနှစ်ဒေသ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) | ပြင်ဆင်ပြီးသည့် ဥပဒေ | အကြံပြုချက် | ပြင်ဆင်ရသည့်အကျိုး အကြောင်းဖော်ပြချက် | မှတ် ချက် |
|---|---|---|---|---|---|---|
| | | ၂၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ | | ခြင်းနှင့်ပတ်သက်၍ ပြစ်ဒဏ်ဖော်ပြ ပြီးဖြစ်သဖြင့်ပြန်လည်စိစစ်သင့်ပါသည်။ | | |
| ၂၈။ | - | ၅၃။ ဤဥပဒေမတိုင်မီက ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင် သရွေ့ ဆက်လက်အတည် ဖြစ်သည်။ | ၅၁။ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၉/၁၉၉၈)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊အမိန့်ကြော်ငြာ စာ များ၊ အမိန့်များနှင့် ညွှန်ကြားချက် များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။ | ပုဒ်မ ၅၃အား အရေးအသားမှန်ကန် စေရန်အောက်ပါအတိုင်းပြင်ဆင်ရေးသား သင့်ပါသည်-<br>"၅၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်း သိမ်းရေးဥပဒေ(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၉/၁၉၉၈)အရ ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊အမိန့်ကြော်ငြာစာ များ၊ အမိန့်များနှင့်ညွှန်ကြားချက်များ ကိုဤဥပဒေနှင့်မဆန့်ကျင်သရွေ့ဆက်လက် ကျင့်သုံးနိုင်သည်။ | အကြံပြုချက်အတိုင်းပုဒ်မ ၅၁ တွင်ပြင်ဆင်ဖော်ပြပြီးဖြစ်ပါသည်။ | |